# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 28, 2024 Volume 83, Number 17

| ၂၈.၁၀.၂၀၂၄ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၇.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၆.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၂၁.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၅.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၅၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၉၇၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၅၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၁.၇၆ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၁၆၇ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

### ၆ လအတွင်း ပုစွန်တစ်မျိုးတည်းတင်ပို့မှုမှ ဒေါ်လာ ၁၂ သန်းကျော်ရရှိခဲ့




ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ရဲ့ ဧပြီလမှ စက်တင်ဘာလအထိ ၆ လတာကာလအတွင်း ပုစွန်တစ်မျိုးတည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၂သန်းကျော် ရရှိထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနက သိရသည်။

တင်ပို့မှုများကို ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့မှုအပြင် နယ်စပ်ကုန်သွယ်မှုမှလည်း တိုက်ရိုက်တင်ပို့လျက်ရှိကြောင်း၊ပုံမှန်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန်ချိန် ၂၈၆၀ ဒသမ ၆၆၆ တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈ဒသမ ၈၇၇ သန်းကိုလည်းကောင်း၊နယ်စပ်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၆၁၆ ဒသမ ၉ တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၅၇ သန်းကိုလည်းကောင်း ရရှိခဲ့ကြောင်း သိရသည်။

ဒါကြောင့် ပုစွန်တစ်မျိုးတည်း တင်ပို့မှုအဖြစ် မက်ထရစ်တန် စုစုပေါင်း ၃၄၇၇ ဒသမ ၅၆၆ တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၃၄၄ သန်းကျော် ရရှိခဲ့တယ်လို့ သိရပါတယ်။

ထို့ပြင် ပုစွန်အပါအဝင် အခြားရေထွက်ကုန်ပစ္စည်းအားလုံး တင်ပို့မှုအနေဖြင့် ယခု ဘဏ္ဍာနှစ် ဧပြီလမှစက်တင်ဘာလကုန်အထိ ၆လတာကာလအတွင်း ပြည်ပသို့ ရေထွက်

ကုန် မက်ထရစ်တန် ၂၄၇,၄၇၇ ဒသမ ၉၅၂ တင်ပို့နိုင်ခဲ့ပြီး အမေရိကန် ဒေါ်လာ ၃၂၁ ဒသမ ၀၀၅ သန်းကို ရရှိထားကြောင်း သိရသည်။

**Source : Htwet Toe**

## မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ရုံးပတီသီးများစတင်ခူးဆွတ်ရောင်းချ



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ပြည်သူများအနေဖြင့် ဆန်စပါးကို အဓိကထားစိုက်ပျိုးကြသော်လည်း နေ့စဉ် ဝင်ငွေရရှိရေးကာလတို/ကာလရှည်ဟင်းသီးဟင်းရွက်များ စိုက်ပျိုး ရောင်းချလျက်ရှိရာညောင်ပင်ဇောက်ကျေးရွာတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသော ရုံးပတီသီးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီးစတင်ခူးဆွတ်ရောင်းချသဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ရုံးပတီသီးနှံသည် မိသားစုတစ်ပိုင်တစ်နိုင် ကုန်ကျငွေနည်းနည်းဖြင့် စိုက်ပျိုးနိုင်ပြီး နေ့စဉ်ခူးဆွတ်ရောင်းချရသည့် သီးနှံတစ်မျိုးဖြစ်ကြောင်းနှင့် ရုံးပတီသီးနှံသည် စိုက်ပျိုးပြီး ရက်ပေါင်း ၉၀ ကျော်ပါက စတင်ခူးဆွတ်ရောင်းချရကြောင်း၊ ရေကြိုက်နှစ်သက်သဖြင့် ရေသွင်း/ ရေထုတ်လွယ်ကူစေရန်အတွက် မြေပေါင်းများပြုလုပ်ကာ တစ်ပင်နှင့် တစ်ပင် တစ်တောင်ခန့်အကွာတွင် မြေကျင်း တူး၍ အစေ့တိုက်ရိုက်ချစိုက်ပျိုးနိုင်ကြောင်းနှင့် လိုအပ်သည့်အချိန်များတွင် မြေဆွခြင်း၊ ပေါင်းသင်းခြင်း၊ မြေဩဇာကျွေးပေးခြင်းများနှင့် သဘာဝရောဂါပိုးကာကွယ်နှိမ်နင်းဆေးများဖျန်းပေးပါက အသီးအထွက်နှုန်းကောင်းမွန်ကာ ရက်ပေါင်း ၉၀ အထိ ခူးဆွတ်ရောင်းချရကြောင်း သိရသည်။

**Source: ကြေးမုံသတင်းစာ**

## ကြောင်ပန်းစေ့များ အရောင်းအ၀ယ်သွက် ဈေးကောင်းရရှိ



မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် သဘာဝအလျောက် အလေ့ကျပေါက်လေ့ရှိသော ကြောင်ပန်းပင်မှ ထွက်ရှိသည့် ကြောင်ပန်းစေ့များ ပြည်တွင်း၌ဝယ်လိုအားမြင့်တက်နေရာ ယခုရက်ပိုင်းမန္တလေးဈေးကွက်တွင် ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့ ပဲနှမ်းကုန်သည်များထံက သိရသည်။

ကြောင်ပန်းစေ့များကို ရှေးယခင်ကတည်းက မြန်မာတိုင်းရင်းဆေးများဖော်စပ်ရာတွင် ထည့်သွင်း အသုံးပြုခဲ့ကြပြီးယခုအခါဆေးဝါးထုတ်လုပ်ရာ၌အရေးပါသော ပါဝင်ပစ္စည်းတစ်မျိုးအနေဖြင့်သတ်မှတ်သုံးစွဲလာကြခြင်းကြောင့် ဈေးကွက်ခိုင်မာမှုရှိကာ ကြောင်ပန်းပင်များ ပေါက်ရောက်လေ့ရှိသော ဒေသများမှ ဒေသခံပြည်သူများ အပိုဝင်ငွေများ ရရှိလာသည်။

ကြောင်ပန်းပင်များသည် မြန်မာနိုင်ငံအလယ်ပိုင်းနှင့်အညာဒေသများတွင် သဘာဝအလျောက် အလေ့ကျပေါက်သောအပင်အမျိုးအစားဖြစ်ပြီး ကုန်းတွင်းကျသော နေရာများထက် မြစ်ချောင်းကမ်းနားနှင့် သဲချောင်းကမ်းစပ်များတွင် ပိုမိုပေါက်လေ့ရှိကာ ရေနံချောင်း၊ချောက်၊ကျောက်ပန်းတောင်းစသည့်ဒေသများတွင် ကြောင်ပန်းပင်များကို အများအပြားတွေ့ရသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးရှိ သဲတော၊ဝမ်းတွင်း၊ကျောက်ဆည်၊မြစ်သားစသည့် ဒေသများနှင့် ဇော်ဂျီ၊ ပန်းလောင်၊ ဒုဋ္ဌဝတီစသည့် မြစ်ကမ်းနံဘေးများတွင်လည်း အလေ့ကျပေါက်ကြပြီး စစ်ကိုင်းတိုင်းဒေသကြီးရှိ ပုလဲ၊ယင်းမာပင် နှင့် မကွေးတိုင်းဒေသကြီး အနောက်ဘက်ခြမ်းရှိ ဒေသအချို့တွင်လည်း သဘာဝအလျောက်ပေါက်ရောက်နေသော ကြောင်ပန်းပင်များကို တွေ့ရသည်။

**ဆောင်းဦး**

**Source: မြို့တော်သတင်းစာ**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၁-၁၀-၂၀၂၄ မှ ၂၅-၁၀-၂၀၂၄) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၇၅၀,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၄,၁၅၅,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၄,၂၁၅,၀၀၀ ဈေးဖြစ်သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၄၆,၀၀၀ ၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၄၆,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၈၇,၀၀၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၅၅ လုံး (တန်ချိန် ၁၃၂၀) နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၅၅ လုံး (တန်ချိန် ၃၇၂၀)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၀၀ လုံး (တန်ချိန် ၂၄၀၀) နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၆၅၀၀၊ မြားနီ ကျပ် ၆၀၀၀ ၊ပန်းတနော်ရှည် ကျပ် ၅၅၀၀၊ ဆင်ဖြူကျွန်း(ပု)ကျပ် ၁၁,၀၀၀ နှင့် မြစ်ဝပု ကျပ် ၁၀,၅၀၀ ဈေးအသီးသီးဖြစ်သည်။

တစ်ပတ်အတွင်း ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ်ပေါင်း ၁၉၅၀ (၃၉,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ )ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၁၇၀၀ ( ၃၄,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၂၅၀ (၅,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ )လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၃၆၀၀၊ မန်ကျည်းအသား (သစ်) ကျပ် ၉၀၀၀ နှင့် မန်ကျည်းသီး ရမည်းသင်း ဒါးဇင်း ကျပ် ၃၃၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်းမန်ကျည်းသီးများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒိုး) ကျပ် ၆၄၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၆၈၀၀၊ ပခုက္ကူကြမ်း ကျပ် ၆၂၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၇၀၀၀၊ ကြံသကာ ကျပ် ၃၁၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၅၀၀၀ ဈေးအသီးသီး ဖြစ်သည်။

တစ်ပတ်အတွင်း တောင်သာမလိုင်(ဒုံး) ကျပ် ၁၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၁၀၀၊ ပခုက္ကူကြမ်း ကျပ် ၁၀၀ နှင့် သကြား(ပြည်တွင်း) ကျပ်၁၀၀**အသီးသီးဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစား**များ ဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၁-၁၀-၂၀၂၄ မှ ၂၅-၁၀-၂၀၂၄) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၃၀၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၉၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၆၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၅၀၀၊ မြင်းခြံသစ်ရှယ် ကျပ် ၃၁၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၂၇၀၀၊ မြင်းခြံလတ်သန့် ကျပ် ၁၆၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၁၅၀၀ အသီးသီးဈေးဖြစ်သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၅၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၅၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၅၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၅၅၀၊ မြင်းခြံသစ်ရှယ် ကျပ် ၆၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၃၀၀၊ မြင်းခြံလတ်သန့် ကျပ် ၃၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၆၀၀ အသီးသီးဈေးမြင့်တက်သည်။

ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင် ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၁၀ စီး (၆၆၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၈၁ စီး (၄၈၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၂၉ စီး (၁၇၄,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၁၆၅၀၀၊ အောင်ပန်းထူး-၂ ကျပ် ၁၀၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၁၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၂၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၃၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း အောင်ပန်းထူး-၂ ကျပ် ၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၃၀၀၊ အောင်ပန်းထူး-၄ ကျပ် ၃၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၅၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်၁၈၀၀(၅၄,၀၀၀ပိဿာ)ဝင်ရောက်ခဲ့ပြီးယခုအပတ် တွင် ကြက်သွန်ဖြူ အိတ် ၂၀၀၀ (၆၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူ အိတ် ၂၀၀ (၆,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

### အာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တရုတ်မှ အာလူးများနေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး(တစ်ပိဿာ)ဈေးနှုန်းများမှာ တရုတ်အာလူး ကျပ် ၅၅၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း တရုတ်အာလူး ကျပ် ၂၀၀ ဈေးမြင့်တက်ခဲ့သည်။

ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာယခင်အပတ်က ကားစီးရေ၁၉ စီး (၁၁၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၂၃ စီး (၁၃၈,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၄ စီး (၂၄,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

TIR

## ရန်ကုန်တိုင်းဒေသကြီးတွင် အောက်တိုဘာလအတွင်း ပြည်တွင်း၊ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခုကို ခွင့်ပြုပေးခဲ့



ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ် အောက်တိုဘာလအတွင်း လုပ်သား၆၂၂ဦး အတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မည့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်တစ်ခုနှင့် ဖက်စပ်ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုတို့ကို လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါလုပ်ငန်းသစ်နှစ်ခုတို့၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏသည် မြန်မာကျပ်ငွေ သန်း ၆၈၀ နှင့် အမေရိကန် ဒေါ်လာ ၁ ဒသမ ၁၀၃ သန်းရှိကြောင်း၊အဆိုပါလုပ်ငန်းများတွင် ပြည်တွင်းလုပ်သား ၆၂၂ ဦး အလုပ်အကိုင်ရရှိ မည်ဖြစ်ပြီး လုပ်ငန်းအမျိုးအစားများမှာ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းနှင့် CMP စနစ်ဖြင့် လည်ပတ်**မည့်** အထည်ချုပ်လုပ်ငန်းဖြစ်ကြောင်း သိရသည်။

" ပြီးခဲ့တဲ့ အောက်တိုဘာလ ၂၃ ရက်က ကျင်းပခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေးကနေ ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍမှာ ရာနှုန်းပြည့်ပြည်တွင်းရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဖြစ်တဲ့ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းတစ်ခုနဲ့ စက်မှုကဏ္ဍမှာ ဖက်စပ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်တဲ့ CMP စနစ်နဲ့ အဝတ်အထည် အမျိုးမျိုးချုပ်လုပ်တဲ့ လုပ်ငန်းတစ်ခု စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခုကို ခွင့်ပြုပေးလိုက်တာဖြစ်တယ်။ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေနဲ့ အခု အောက်တိုဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၁၀ ခုကို ခွင့်ပြုပေးသွားမှာဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကနေ လုပ်သား ၂၅၉၄ ယောက်ကို အလုပ်အကိုင်အခွင့်အလမ်းတွေဖန်တီးပေးနိုင်မှာဖြစ်တယ် " ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

အဆိုပါကာလအတွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များအပါအဝင်လည်ပတ်လျက်ရှိသည့်လုပ်ငန်းများ၏ရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်ခြင်း၊လုပ်သားအင်အားတိုးမြှင့်ခြင်းတို့လည်းရှိခဲ့ကြောင်း၊ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့်ရန်ကုန်တိုင်းဒေသကြီးအတွင်း အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်ရန် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များကို ဥပဒေ၊လုပ်ထုံးလုပ်နည်းများနှင့်အညီ လစဉ်ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ၂၀၂၃ -၂၀၂၄ သီးနှံရာသီနှစ်၌ ဗီယက်နမ်၏ ကော်ဖီတင်ပို့မှု ဒေါ်လာ ၅ ဘီလီယံကျော် ရောက်ရှိ



ဗီယက်နမ်နိုင်ငံ၏ ကော်ဖီတင်ပို့မှု တန်ဖိုးသည် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်ပြီး ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ၂၀၂၃-၂၀၂၄ သီးနှံရာသီနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ဒေါ်လာ ၅ ဘီလီယံကျော်ရောက်ရှိခဲ့ကြောင်း သိရသည်။

ဗီယက်နမ်ကော်ဖီနှင့် ကိုကိုးအသင်းအဖွဲ့ (Vietnam Coffee and Cocoa Association –VICOFA)ဥက္ကဋ္ဌဖြစ်သူ Nguyen Nam Hai က ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၂၃-၂၀၂၄ သီးနှံရာသီနှစ်အတွင်း

ကော်ဖီတန်ချိန် ၁ဒသမ၄၆ သန်းခန့်တင်ပို့ခဲ့ကြောင်း၊ ယခင်ရာသီနှစ်နှင့် နှိုင်းယှဉ်ပါက တင်ပို့မှု ၁၂ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ပြောကြားခဲ့သည်။

တင်ပို့မှုပမာဏ ကျဆင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ၃၃ဒသမ၁ ရာခိုင်နှုန်း တိုးတက်လျက် ဒေါ်လာ ၅ ဒသမ၄၃ ဘီလီယံ ရောက်ရှိခဲ့သည့်အတွက် ကော်ဖီရာသီတစ်ခုအတွင်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ကြောင်း၊ ကော်ဖီဈေးနှုန်းများ မြင့်မားမှုအရ ထိုကဲ့သို့ ပို့ကုန်တန်ဖိုး တိုးတက်လာခြင်းဖြစ်ကြောင်း သိရသည်။

အထွေထွေအကောက်ခွန်ဦးစီးဌာန၏ ပြောကြားချက်အရ စက်တင်ဘာလတစ်လတည်းမှာပင် ဗီယက်နမ်ကော်ဖီ၏ ပြည်ပတင်ပို့မှု ပျမ်းမျှဈေးနှုန်းသည် ၁ တန်လျှင် ၅၄၆၉ ဒေါ်လာသို့ ရောက်ရှိခဲ့ရာ ၂၀၂၃ ခုနှစ် စက်တင်ဘာလနှင့် နှိုင်းယှဉ်ပါက ၆၈ ဒသမ၇ ရာခိုင်နှုန်းနှင့် ယခင်လ ပျမ်းမျှဈေးနှုန်းထက် ၅ဒသမ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ သီးနှံရာသီ ၁ နှစ်လုံးအတွက် ပြည်ပတင်ပို့မှု ပျမ်းမျှဈေးနှုန်းမှာ ၁ တန်လျှင် ၃၆၇၃ ဒေါ်လာရှိပြီး ယခင်နှစ်ထက် ၅၀ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့သည်။

အဆိုပါ ဈေးနှုန်းအရ ဗီယက်နမ်နိုင်ငံ၏ အဓိကလယ်ယာထုတ်ကုန်များအနက် ကော်ဖီသည်ဈေးအကောင်းဆုံး ပြည်ပပို့ကုန်တစ်ခု ဖြစ်လာသည်။

၂၀၂၃-၂၀၂၄ သီးနှံရာသီနှစ်အတွင်း ဥရောပသမဂ္ဂသို့ ဒေါ်လာ ၂ ဘီလီယံ တန်ဖိုးရှိ ကော်ဖီတန်ချိန် ၅၆၃,၀၀၀ တင်ပို့ခဲ့ကြောင်း၊ တင်ပို့မှုပမာဏအားဖြင့် ၈ဒသမ၆ ရာခိုင်နှုန်းကျဆင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ၄၁ ရာခိုင်နှုန်းတိုးတက်ခဲ့သည့်အတွက် ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံး ကော်ဖီတင်ပို့မှု ဈေးကွက်အနေဖြင့် ဆက်လက်ရပ်တည်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သောရာသီနှစ်၌ ဂျာမနီ၊ အီတလီနှင့် စပိန် စသည့်နိုင်ငံများသည် ဗီယက်နမ်၏ ထိပ်တန်းကော်ဖီဈေးကွက်များဖြစ်ခဲ့ကြောင်း၊ အဆိုပါနိုင်ငံများသို့ ကော်ဖီတင်ပို့မှု တန်ဖိုးများမှာ ဒေါ်လာ ၆၀၇ သန်း၊ ဒေါ်လာ ၄၁၇ သန်းနှင့် ဒေါ်လာ ၄၁၃ သန်း အသီးသီးဖြစ်ပြီး ၂၀၂၂-၂၀၂၃ သီးနှံရာသီနှစ်၌ တင်ပို့ခဲ့မှုနှင့် နှိုင်းယှဉ်ပါက ၃၇ ရာခိုင်နှုန်း၊ ၃၀ ရာခိုင်နှုန်းနှင့် ၇၅ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ခြင်းဖြစ်ကြောင်း၊ အခြားအဓိကဈေးကွက်များဖြစ်သည့် ဂျပန်နှင့် ရုရှားနိုင်ငံများသို့ တင်ပို့မှုပမာဏကျဆင်းခဲ့သော်လည်း တန်ဖိုးအားဖြင့်မြင့်တက်ခဲ့သည်ကို တွေ့ရှိရကြောင်း သိရသည်။

**Source:VietnamPlus,October22,**

**2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/

## ပို့ကုန်အခွန်စည်းကြပ်မှု အပါအဝင် ဆန်တင်ပို့မှုအပေါ် ကန့်သတ်ချက်များအား အိန္ဒိယအစိုးရက ဖြေလျှော့



အိန္ဒိယနိုင်ငံ၌ ၂၀၂၂ ခုနှစ် စက်တင်ဘာလမှ စတင်ချမှတ်ကျင့်သုံးခဲ့သော ဆန်တင်ပို့မှုဆိုင်ရာ တားမြစ်ကန့်သတ်ချက်များအားလုံးကို အစိုးရက အောက်တိုဘာ ၂၃ ရက်နေ့တွင် ပယ်ဖျက်ပေးခဲ့ပြီး ဆန်ကွဲတင်ပို့မှု တားမြစ်ချက်ကိုမူ ဆက်လက်ထိန်းသိမ်းထားကြောင်း၊အစိုးရသည် ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိများ ပါဝင်သော အစည်းအဝေးတစ်ရပ်ကို အောက်တိုဘာ ၁၆ ရက်နေ့၌ ကျင်းပလျက် ဆန်တင်ပို့မှုအပေါ် ကန့်သတ်ထားရှိမှုများအား ဖယ်ရှားပေးရန် ဆုံးဖြတ်ခဲ့ပြီးနောက် ယခုကဲ့သို့ ဖြေလျှော့ခဲ့ခြင်းဖြစ်ကြောင်း Hindu Business Line သတင်းဌာနက ဖော်ပြခဲ့သည်။

နယူးဒေလီမြို့အခြေစိုက် ပို့ကုန်လုပ်ငန်းရှင် Rajesh Jain Paharia က လုပ်ငန်းရှင်များအနေဖြင့် ဆန်ဖြူနှင့် ပေါင်းဆန်တင်ပို့မှု ကန့်သတ်ချက်များအား အစိုးရကဖယ်ရှားပေးခြင်းကို ကြိုဆိုကြောင်း၊ ကန့်သတ်တားမြစ်ချက်များ ချမှတ်ထားချိန်တွင် ဆန်တင်ပို့သူများအနေဖြင့် အသုံးချနိုင်ခွင့်မရှိခဲ့သော ကုန်စည်နှင့်ဝန်ဆောင်မှုအခွန်ပြန်အမ်းငွေ၊ အခွန်ပြန်လည်နုတ်ယူခွင့်နှင့် ပို့ကုန်အပေါ်အခွန်သက်သာခွင့်အစီအစဉ် (RoDTEP) မှ ၁ ရာခိုင်နှုန်းထပ်ဆောင်းသက်သာခွင့်တို့ကိုရရှိခံစားနိုင်မည်ဖြစ်ကြောင်း၊ ယခုလုပ်ဆောင်ချက်က ၂၀၂၅ ခုနှစ် မတ်လအထိ ကာလအတွင်း ဆန်တန်ချိန် ၂၂ သန်းအထိ တိုးတက်တင်ပို့နိုင်စေလိမ့်မည်ဖြစ်ကြောင်းပြောဆိုခဲ့သည်။

အစိုးရ၏ ဆန်တင်ပို့မှုအပေါ် ကန့်သတ်ချက်များဖြေလျှော့မှုသည် ဟာရီယာနာနှင့် ပန်ဂျပ်ပြည်နယ်များတွင် ဆန်လက်ကျန်များပြားမှုကြောင့် ဖြစ်ပေါ်နေသော သိုလှောင်ရုံနေရာ အကျပ် အတည်းကိုလည်း ပြေလည်စေမည်ဖြစ်သည်။

စားနပ်ရိက္ခာဝန်ကြီး Pralhad Joshi က အစိုးရသည် အဆိုပါပြည်နယ်များမှ လက်ကျန်ဆန်များအား ပြောင်းရွှေ့ရေးကို ထိပ်တန်းဦးစားပေးအဖြစ် ဆောင်ရွက်လျက်ရှိသည်ဟု အောက်တိုဘာ ၂၃ ရက်နေ့တွင် ပြောကြားခဲ့သည်။

အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာနသည် အောက်တိုဘာ ၂၂ ရက်နေ့တွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်ရာ၌ ပေါင်းဆန်၊ အခွံချွတ်ပြီး ဆန်လုံးညိုများနှင့် အခွံပါစပါးများအား ပြည်ပသို့တင်ပို့မှု အပေါ် စည်းကြပ်ကောက်ခံလျက်ရှိသော အခွန် ၁၀ ရာခိုင်နှုန်းကို သုညရာခိုင်နှုန်းသို့ လျှော့ချလိုက်ကြောင်းနှင့် ချက်ချင်းလက်ငင်း အကျိုးသက်ရောက်မှုရှိမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း HS Code 10063090 အောက်ရှိ ဘာစမာတီ မဟုတ်သောဆန်ဖြူတင်ပို့မှုအပေါ် ချမှတ်ထားသည့် အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၀ သတ်မှတ်ချက်ကို ပယ်ဖျက်ကြောင်း အောက်တိုဘာ ၂၃ ရက်၌ အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့သည်။

ယခုကဲ့သို့ ဆောင်ရွက်မှုသည် ၁ လတာအတွင်း ဒုတိယအကြိမ်မြောက်ဖြေလျှော့ခြင်းဖြစ်သည်။

အိန္ဒိယအစိုးရသည် စက်တင်ဘာလ ၂၇ ရက်နေ့တွင်ပေါင်းဆန်များ၊အခွံချွတ်ပြီးဆန်လုံးညိုများနှင့် အခွံပါစပါးများ တင်ပို့ခြင်းအတွက် အခွန်စည်းကြပ်မှုကို ၂၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ပေါင်းဆန်နှင့် ဘာစမာတီဆန်မှအပ အရောင်တင်ထားသည်ဖြစ်စေ၊ အရောင်မတင်ရသေးသည်ဖြစ်စေ တစ်ပိုင်းတစ်စသို့မဟုတ် အပြည့်အဝကြိတ်ခွဲပြီးသော ဆန်များအတွက် ပို့ကုန်အခွန်ကို ၂၀ ရာခိုင်နှုန်းမှ သုညရာခိုင်နှုန်းသို့လည်းကောင်း လျှော့ချပေးခဲ့သည်။

သို့သော် ဘာစမာတီမဟုတ်သော ဆန်ဖြူလွတ်လပ်စွာတင်ပို့ခွင့်ကို အနိမ့်ဆုံး ပို့ကုန်တန်ဖိုး ၁ တန်လျှင်အမေရိကန်ဒေါ်လာ ၄၉၀ နှုန်းလိုအပ်ချက်ဖြင့် စက်တင်ဘာလ ၂၈ရက်နေ့၌ အမိန့်ကြော်ငြာစာ ထုတ်ပြန်လျက် ခွင့်ပြုထားခဲ့သည်။

သို့ရာတွင် ပေါင်းဆန်များအား ဆန်ဖြူအဖြစ် ဖော်ပြတင်ပို့ခြင်းရှိ /မရှိကို အကောက်ခွန်အာဏာပိုင်များက စစ်ဆေးလျက်ရှိခြင်းက ကုန်စည်များအားဆိပ်ကမ်းများတွင် ရက်သတ္တပတ် ၁ ပတ်ကျော်ကြာ စောင့်ဆိုင်းရသဖြင့် ထပ်ဆောင်းကုန်ကျစရိတ်များကျသင့်မှုကို ဖြစ်ပေါ်စေသည်ဟု ပို့ကုန်လုပ်ငန်းရှင်များက ပြောဆိုခဲ့ကြသည်။

ပြည်တွင်း၌ စားသောက်ကုန်ဈေးနှုန်းများမြင့်တက်ခြင်း၊ စပါးအဓိကစိုက်ပျိုးရာ နိုင်ငံ၏ အရှေ့ပိုင်းဒေသများတွင် မိုးရွာသွန်းမှုနည်းပါးခြင်းတို့ကြောင့် အိန္ဒိယအစိုးရသည် ၂၀၂၂ ခုနှစ် စက်တင်ဘာလမှ စတင်၍ ဆန်ကွဲတင်ပို့မှုပိတ်ပင်ခြင်းနှင့်အတူ ဆန်တင်ပို့မှုကန့်သတ်ချက်များကို ချမှတ်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဆန်ဖြူတင်ပို့မှုအပေါ် ပို့ကုန်အခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်ကောက်ခံခဲ့သည်။

အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့်စပါးအဓိကစိုက်ပျိုးရာပြည်နယ်များ၌ထုတ်လုပ်မှုအပေါ်ထိခိုက်မှုရှိသဖြင့် ၂၀၂၃ခုနှစ် ဇူလိုင်လတွင် ဆန်ဖြူတင်ပို့မှုကို ပိတ်ပင်ခဲ့သည့်အပြင် ပေါင်းဆန်တင်ပို့မှုကိုလည်း ပို့ကုန်အခွန် ၂၀ ရာခိုင်နှုန်း ချမှတ်ခဲ့သည်။

ထိုသို့ ဆန်တင်ပို့မှုပိတ်ပင်ခြင်းက အိန္ဒိယ၏ ဘာစမာတီမဟုတ်သောဆန်တင်ပို့မှုကို ကျဆင်းစေခဲ့ပြီး ၂၀၂၂-၂၃ ဘဏ္ဍာနှစ်၌ တင်ပို့မှုတန်ချိန် ၁၇ဒသမ၇၉ သန်းနှင့် နှိုင်းယှဉ်ပါက ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၁ဒသမ၁၂ သန်းသို့ လျော့ကျခဲ့ကြောင်း တွေ့ရသည်။

ထို့ပြင် ကမ္ဘာ့ဆန်ဈေးကွက်တွင်လည်း ဈေးနှုန်းများမြင့်တက်မှုကို ဖြစ်ပေါ်စေခဲ့ရာ ၁ တန်လျှင် ဒေါ်လာ၆၀၀နှုန်းခန့်အထိ ရောက်ရှိခဲ့ပြီး ထိုင်း၊ ဗီယက်နမ်နှင့် ပါကစ္စတန်တို့သည် အိန္ဒိယ၏ ဆန်တင်ပို့မှုပိတ်ပင်ခြင်းမှ အကျိုးဖြစ်ထွန်းခဲ့ကြသည်။

ဆန်ပို့ကုန်အပေါ် ကန့်သတ်ချက်များ ဖြေလျှော့မှုကို အိန္ဒိယအစိုးရက လုပ်ဆောင်လာချိန်၌ အမေရိကန်ဈေးကွက်မှအပ ဆန်ဈေးနှုန်းများမှာ ၁ တန်လျှင် ၅၇၅ ဒေါ်လာအောက်သို့ ပြန်လည်ကျဆင်းလာခဲ့သည်။

**Source:TheHinduBusinessLine,**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/

## ဇန်နဝါရီမှစက်တင်ဘာလအတွင်း တရုတ်နိုင်ငံ၏ စက်မှုလုပ်ငန်းအမြတ်ငွေ ယွမ် ၅ ထရီလီယံကျော် ရရှိခဲ့

တရုတ်နိုင်ငံရှိ အဓိကစက်မှုလုပ်ငန်းကြီးများ၏ စုစုပေါင်းအမြတ်ငွေသည် ဇန်နဝါရီမှ စက်တင် ဘာလအတွင်း ယွမ် ၅ဒသမ ၂၃ ထရီလီယံ (အမေရိကန်ဒေါ်လာ ၇၃၅ ဒသမ ၄၁ ဘီလီယံ) ရှိခဲ့ကြောင်း၊ ယခင်နှစ် ကာလတူထက် ၃ဒသမ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အမျိုးသားစာရင်းအင်းဗျူရို (NBS) ၏ ပြောကြားချက်အရ သိရသည်။

တစ်ချိန်တည်းတွင် နည်းပညာမြင့်စက်မှုလုပ်ငန်းများမှာ အရှိန်အဟုန်သစ်ဖြင့် လျှင်မြန်စွာတိုးတက်ခဲ့ကြောင်း၊ စက်မှုလုပ်ငန်းများ၏ အမြတ်ကျဆင်းစေသည့် အကြောင်းအရင်းများစွာဖြစ်ပေါ်ခဲ့ပြီး ဩဂုတ်လမှစတင်၍ ယခင်နှစ်နှင့်နှိုင်းယှဉ်မှု အခြေခံတွင် သိသာစွာကွာခြားခြင်း၊ ထိရောက်သော ဝယ်လိုအားမရှိခြင်းနှင့် စက်မှုထုတ်ကုန်ဈေးနှုန်းများ ကျဆင်းခြင်းစသည့် အကြောင်းရင်းများစွာ ပါဝင်ကြောင်း အမျိုးသားစာရင်းအင်းဗျူရိုမှ စာရင်းအင်းပညာရှင် Yu Weining ကပြောကြားထားကြောင်း သိရသည်။

စက်တင်ဘာလတစ်လတည်းတွင် ယခင်နှစ်ကာလတူထက် အမြတ်ငွေ ၂၇ဒသမ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ သို့ရာတွင် NBS ၏ အဆိုအရ အဓိကစက်မှုလုပ်ငန်းကြီးများ၏ စုစုပေါင်း အမြတ်ငွေမှာ ဇန်နဝါရီလမှ စက်တင်ဘာလအထိ ယွမ် ၅၇၅ဒသမ ၄၃ ဘီလီယံ တိုးမြင့်ခဲ့ကြောင်း သိရသည်။

ထုတ်လုပ်မှု လျင်မြန်စွာတိုးတက်ခဲ့ခြင်းကြောင့် ပထမကိုးလအတွင်း နည်းပညာမြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၏ အမြတ်ငွေသည် ကာလတူထက် ၆ ဒသမ၃ ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း၊ အဆိုပါ တိုးတက်မှုနှုန်းသည် အဓိက စက်မှု လုပ်ငန်းကြီးများ၏ ပျမ်းမျှအဆင့်ထက် ၉ဒသမ၈ ရာခိုင်နှုန်း ပိုများကြောင်း၊ စုစုပေါင်းအမြတ်တွင် စက်မှုလုပ်ငန်းများ၏ အမြတ်ရရှိမှု ၁ဒသမ၁ ရာခိုင်နှုန်း ပါဝင်ကြောင်း သိရသည်။

ပြည်တွင်းဝယ်လိုအားမြင့်တင်ရန်၊ စားသုံးမှုမြှင့်တင်ရန်နှင့် နိုင်ငံတကာဈေးကွက်ဝယ်လိုအားတည်ငြိမ်စေရေး ကြိုးပမ်းမှုများနှင့်အတူ၊ လူသုံးကုန်ပစ္စည်း ထုတ်လုပ်သည့် စက်မှုလုပ်ငန်း၏ အမြတ်ငွေသည် ဇန်နဝါရီမှ စက်တင်ဘာလအတွင်း ကာလတူထက် ၂ဒသမ၄ ရာခိုင်နှုန်းတိုးလာကာ စက်မှုလုပ်ငန်းအားလုံးအမြတ်ရရှိမှုတွင် ဂဒသမ၅ ရာခိုင်နှုန်းပါဝင်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် စက်မှုလုပ်ငန်း အမြတ်တိုးတက်မှုနှုန်းကျဆင်းသွားသော်လည်း စက်မှုလုပ်ငန်းသစ်များ၏ ခံနိုင်ရည်ရှိမှုကို ထင်ရှားစွာ ပြသလျက်ရှိကြောင်း၊စက်မှုလုပ်ငန်းများ၏ မျှော်မှန်းချက်နှင့် ယုံကြည်မှုတိုးလာခြင်းကြောင့် အမြတ်အစွန်းများ ပြန်လည်ရရှိရန် မျှော်မှန်းထားကြောင်း စာရင်းအင်းပညာရှင် Yu Weining က ဆက်လက်ပြောကြားခဲ့သည်ဟု သိရသည်။

**Source: http://en.people.cn/n3/2024/1028/c90000-20234327.html**

**စီးပွားရေးသံမှူး ၊ပေကျင်းမြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ**

**https://myantrade.gov.mm/**

## ဂရိနိုင်ငံတွင် မိုးခေါင်မှုနှင့်ပြင်းထန်သောအပူချိန်ကြောင့် သစ်အယ်သီးအထွက်နှုန်းကျဆင်း



ကမ္ဘာ့အကြီးဆုံးသစ်အယ်သီး ထုတ်လုပ်သည့်နိုင်ငံဖြစ်သည့် ဂရိနိုင်ငံတွင် မိုးခေါင်မှုနှင့် ပြင်းထန်သောအပူချိန်ကြောင့် သစ်အယ်သီးရိတ်သိမ်းရာသီတွင် အထွက်နှုန်းကျဆင်းလာကြောင်း သိရသည်။

သစ်အယ်သီးများသည် လနှင့်ချီပြီးပြင်းထန်သော အပူချိန်နှင့် မိုးခေါင်ရေရှားမှုဒဏ်ခံခဲ့ရပြီးနောက် မမှည့်သေးခင် ခြောက်သွေ့ကာ ပျက်စီးခဲ့သည့်အတွက် သစ်အယ်သီးအထွက်နှုန်း ၉၀ ရာခိုင်နှုန်းထိ ကျဆင်းသွားခဲ့သဖြင့် သစ်အယ်သီးစိုက်တောင်သူများ စီးပွားရေးဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရကြောင်းသိရသည်။

ဂရိနိုင်ငံအလယ်ပိုင်း ပီလီယွန်တောင်ပေါ်ရှိ ကစ်ဆော့ရွာတွင် သစ်အယ်သီးထုတ်လုပ်သူများသည် အရှုံးနှင့်ရင်ဆိုင်ခဲ့ရသည့်အတွက် ပြန်လည်နာလန်ထူရန် အချိန်ကာလတစ်ခုလိုအပ်ကြောင်း၊ ကစ်ဆော့ရွာသည် သစ်အယ်သီးကို အဓိကစိုက်ပျိုးသည့်ဒေသဖြစ်ပြီး သစ်အယ်သီးရိတ်သိမ်းရာသီတွင် ပုံမှန်အားဖြင့် သစ်အယ်သီးတန်ချိန် ၅၀၀ကျော်ထိထွက်ရှိသောရွာဖြစ်သော်လည်း လက်ရှိတွင် ရာသီဥတုဖောက်ပြန်မှုများကြောင့် သစ်အယ်သီး တန်ချိန် ၄၀ မှ ၅၀ ခန့်သာ ထွက်ရှိကြောင်း သိရသည်။

ဂရိနိုင်ငံသည် ကမ္ဘာ့အကြီးဆုံးသစ်အယ်သီးထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး ဥရောပနှင့် ဘော်လကန်ဒေသတို့ ကို အဓိကထား တင်ပို့ရောင်းချပြီး သစ်အယ်သီးများကို မုန့်များဖြင့် ချက်ပြုတ်ရာတွင် အသုံးပြုကြောင်း၊ ရာသီဥတုဖောက်ပြန်မှုကြောင့် လာမဲ့နှစ်များတွင် သစ်အယ်သီးဈေးနှုန်းများ မြင့်တက်လာမည်ဟု ဂရိဗဟိုဘဏ်၏အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားကြောင်း သိရသည်။

**Ref : Sputnik News Trs : KZ**

**Source : ရတနာပုံသတင်းစာ**

TIR

## STOCK EXCHANGE (28.10.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 28th Oct. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,297 (Shares) | 9,151,150 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | -100 | -1.18% | 8,400 | 8,400 | 8,400 | 450 | 3,780,000 | 33,109,694 | 278,121 |
| MTSH | 00002 | 3,350 | -50 | -1.47% | 3,350 | 3,350 | 3,350 | 291 | 974,850 | 38,929,150 | 130,413 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 37 | 310,800 | 10,400,986 | 87,368 |
| FPB | 00004 | 2,050 | +0 | +0.00% | 2,100 | 2,100 | 2,050 | 172 | 361,100 | 29,664,613 | 60,813 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 0 | 0 | 12,823,224 | 36,546 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 469 | 782,300 | 19,977,223 | 33,961 |
| AMATA | 00007 | 4,500 | +200 | +4.65% | 4,500 | 4,500 | 4,500 | 5 | 22,500 | 10,497,598 | 47,239 |
| MAEX | 00008 | 3,300 | -50 | -1.49% | 3,350 | 3,350 | 3,300 | 873 | 2,919,600 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 28th Oct. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 399.23 | -2.30 | -0.57% | 399.86 | 400.65 | 399.23 | 2,297 | 9,151,150 | 8 | 753,017 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 4th Sep. 2024

| Trading Volume | Trading Value |
|---|---|
| 2,297 (Shares) | 9,151,150 (MMK) |

### Main Board

As of 1:00 pm, 28th Oct. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,297 (Shares) | 9,151,150 (MMK) |

| MYANPIX | 399.23 ▼ 2.30 |
|---|---|
| Total Volume (shares) | 2,297 |
| Total Value (MMK) | 9 mil |
| Listed Company | 8 |
| Market Cap. (MMK) | 753,017 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▼ 100 |
| MTSH | 00002 | 3,350 | ▼ 50 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 2,050 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 200 |
| MAEX | 00008 | 3,300 | ▼ 50 |